အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဆာဆာမှ အမေရိကန်ပြည်သူများနှင့် အမေရိကန်ပြည်ထောင်စု အစိုးရထံသို့ ပန်ကြားလွှာ။

၁၂ ရက်နေ့ မေလ ၂၀၂၁ ခုနှစ်

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဆာဆာ သည် မြန်မာပြည်သူများနှင့် ပြည်သူလူထု ရွေးကောက်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရကိုယ်စား အမေရိကန် ပြည်ထောင်စု၏ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Sung Yong Kim ၊အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ အရှေ့အာရှနှင့်ပစိဖိတ်ဆိုင်ရာ ဝန်ကြီး ဌာနမှ Principal Deputy Assistant Secretary of State, Ambassador Atul Keshap နှင့် အခြားအကြီးတန်းအမေရိကန်ပြည်ထောင်စု အစိုးရအရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အောက်ပါ အချက်များကို အမေရိကန်ပြည်သူနှင့် အမေရိကန်ပြည်ထောင်စု အစိုးရထံသို့ ပန်ကြားခဲ့ပါသည်။

ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူများနှင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မတရားစစ်အာဏာသိမ်းမှု ပထမဆုံးနေ့မှစ၍ မတရားသော စစ်ကောင်စီ အဖွဲ့များအပေါ်တွင် ပြင်းထန်ပြတ်သားစွာ အရေးယူမှုများနှင့် ခေါင်းဆောင်မှုများ

အတွက် အမေရိကန်ပြည်ထောင်စုရှိ ပြည်သူများနှင့် အစိုးရအား လှိုက်လှဲစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

ကျွန်တော့်အနေဖြင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသောပုဂ္ဂိုလ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရခြင်းအတွက် အလွန်ဝမ်းမြောက်မိပါသည်။ ကျွန်တော့်အလုပ်သည် မြန်မာပြည်သူများအား သင်တို့အနေဖြင့် ထောက်ပံ့မှုများပေးနိုင်ရန်အတွက် လိုအပ်သောသတင်းအချက်အလက်များနှင့် ပံ့ပိုးမှုများပေးရန်ဖြစ်ပါသည်။ ကျွန်တော်သည် သင်တို့ကို ဝန်ဆောင်မှုပေးရန် အသင့်ရှိနေပါသည်။

မြန်မာပြည်သူလူထုများအား လက်မလျှော့ပဲ ဆက်လက်ထောက်ပံ့မှုများအတွက် အထူးကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ကံကြမ္မာသည် ပြည်သူလူထု၏လက်ထဲတွင်ရှိနေစဉ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၏ ခိုင်မာသောစဥ်ဆက်မပျက်ထောက်ခံမှုသည် အလွန်အရေးကြီးခဲ့ပါသည်။ ဤခက်ခဲဆိုးရွားသောအခြေအနေတွင်လည်း ကျွန်ုပ်တို့နှင့်အတူ ရပ်တည်အားပေးကြသော သူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ယခုအချိန်တွင် မြန်မာပြည်သူများသည် သင်တို့၏ပူးပေါင်းဆောင်ရွက်မှု၊ ခင်မင်ရင်းနှီးမှုနှင့် ထောက်ခံအားပေးမှုများကို ယခင်အချိန်များထက် ပိုမိုလိုအပ်နေပါသည်။

အကြမ်းဖက်မှုများကိုဦးဆောင်သော လူသတ်ခေါင်းဆောင်မင်းအောင်လှိုင်နှင့်သူ၏အပေါင်းအပါများမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရွေးကောက်ပွဲရလဒ်ကိုခိုးယူပြီး မြန်မာပြည်သူလူထု၏ရွေးကောက်ခံတရားဝင်အစိုးရထံမှ အာဏာမတရားသိမ်းပိုက်ရယူခဲ့သည့်နေ့မှစ၍ယနေ့အထိ ရက်ပေါင်း ၁၀၁ ရက်ပြည့်သွားပြီဖြစ်ပါသည်။ မြန်မာပြည်သူလူထုများစွာကဲ့သို့ပင် ကျွန်ုပ်သည် ထိုနေ့တွင် အသက်အတွက်စိုးရိမ်ကြောက်ရွံ့နေခဲ့သော်လည်း ထိခိုက်မှုမရှိပဲဆက်လက်လွတ်မြောက်အသက်ရှင်ခဲ့ပါသည်။ သို့သော် ရဲရင့်သောပြည်သူအချို့မှာမူ ကျွန်တော့်ကဲ့သို့ ကံမကောင်းခဲ့ကြပါ။ ထိုကြောက်မက်ဖွယ်ကောင်းသောနေ့မှစ၍ အာဏာသိမ်းစစ်ကောင်စီ၏ လက်ပါးစေတပ်များ၊ အားပေးအားမြှောက်လုပ်ပေးသူများ နှင့် စစ်ကောင်စီတပ်များသည် မြန်မာနိုင်ငံ၏ အမျိုးချစ်ပြည်သူ ၈၀၀ နီးပါးကိုသတ်ဖြတ်ခဲ့ကြပြီး သတ္တိရှိသော ပြည်သူ ၅၀၀၀ နီးပါးကို မတရားဖမ်းဆီးထားခြင်း၊ ထောင်ချခြင်းများပြုလုပ်လျက်ရှိသည်။

နိုင်ငံ့တပ်မတော်၏တာဝန်မှာ ၎င်းတို့၏ပြည်သူလူထုကို ကာကွယ်ပေးရန်နှင့် ချေပပေးရန်ဖြစ်သည်။ သို့သော်လည်း မင်းအောင်လှိုင်၏ အုပ်ထိန်းမှုအောက်တွင်နေကြသောစစ်သားများ

သည် မင်းအောင်လှိုင်၏အမိန့်ပေးမှုကြောင့် ၎င်းတို့၏တာဝန်၊ ဝတ္တရားများနှင့် ဆန့်ကျင်စွာ လုပ်ဆောင်နေကြပြီး အပြစ်မဲ့ပြည်သူများကို နေ့တိုင်း၊ နာရီတိုင်း အကြောင်းအရင်းမရှိ ထင်တိုင်းကြဲကာ သတ်ဖြတ်မှုများ၊ ဖမ်းဆီးချုပ်နှောင်မှုများ ဆက်လက် ပြုလုပ်နေကြသည်။ မြန်မာပြည်သူလူထုသည် မင်းအောင်လှိုင်နှင့် ၎င်းကို ထောက်ခံသတင်းပေးသူများအား အကြမ်းဖက်စစ်အုပ်စုများအဖြစ် တညီတညွတ်တည်း သတ်မှတ်ထားကြသည်။ အကြမ်းဖက် သမားများသည် မည်သည့် အကြောင်းပြချက်၊ ရှင်းပြချက်နှင့် ကြားနာမှုတစ်စုံတစ်ရာမျှမရှိပဲ အပြစ်မဲ့ပြည်သူများနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု ပြုလုပ်ကြသည့် အစိုးရဝန်ထမ်းများအား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်း၊ မုဒိန်းကျင့်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ပစ်သတ်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို လမ်းမများပေါ်တွင် ပေါ်ပေါ်တင်တင်သော်လည်းကောင်း၊ လျှို့ဝှက်စွာ ဖမ်းဆီးချုပ်နှောင်၍ သော်လည်းကောင်း ကျူးလွန်နေကြသည်။ ဤအကြောင်းအရာသည် အံ့သြစရာတော့မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အကြမ်းဖက်တပ်မတော်အဖွဲ့အစည်းသည် တိုင်းရင်းသားလူမျိုးစုများ ဖြစ်သည့် ကချင်၊ ကရင်၊ ရှမ်း၊ ကယား၊ မွန်၊ ရခိုင်၊ ချင်း၊ ရိုဟင်ဂျာနှင့် အခြားတိုင်းရင်းသားလူမျိုးစု များအပေါ်တွင် မုဒိန်းမှုနှင့် လူသတ်မှုကို လက်နက်အဖြစ် ကျင့်သုံးခဲ့ကြပြီး ရက်စက်ကြမ်းကြုတ် မှုများ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများကိုလည်း ကျူးလွန်ခဲ့ကြသည်။ စစ်ကောင်စီသည် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ နှင့် မြန်မာပြည်သူများအား သူတို့ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှု အကြောင်းအရာများကို မသိစေချင်ကြပေ။ ထို့ကြောင့် ၎င်းတို့သည် မြန်မာနိုင်ငံအတွင်းရှိ လက်ရှိပြည်တွင်းပြည်ပ သတင်းစီးဆင်းမှုကို အတတ်နိုင်ဆုံး ကန့်သတ်နိုင် ရန်ကြိုးစားနေကြသည်။ သူတို့သည် “ဖြတ်လေးဖြတ်” မူဝါဒဖြစ်သည့် ဆက်သွယ်မှုဖြတ်ခြင်း၊ အထောက်အပံ့များဖြတ်ခြင်း၊ အခြေခံ လိုအပ်ချက်များဖြတ်ခြင်းနှင့်နိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖြတ်တောက်ခြင်းစသည့် မူဝါဒကိုကျင့်သုံး နေကြသည်။ သူတို့သည် သတင်းသမားများကို နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထောင်ချနှိပ်စက်ခြင်းများ ဆက်လက်ပြုလုပ်နေသည့်အပြင် ဂျပန်နိုင်ငံသားသတင်းထောက်အပါအဝင် သတင်းထောက် ၄၀ ကျော်အား ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားသည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် DVB သတင်းထောက် ၅ ဦးကိုလည်း ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။ ဤကဲ့သို့သော သတင်းသမားများအား ခြိမ်းခြောက်မှုသည် မြန်မာနိုင်ငံအပြင်ဘက် နယ်စပ်ကိုလွန်ပြီး မရှိသင့်တော့ပေ။ စစ်ကောင်စီအဖွဲ့သည် ပြည်တွင်း၌ ဖြစ်ရပ်မှန် သတင်းများပေးပို့သည့် သတင်းမီဒီယာဌာနများကို ဖျက်သိမ်းသည့်အပြင် တရားမဝင်သတင်းဌာနများအဖြစ် ကြေငြာခဲ့သည်။

စစ်ကောင်စီ၏ အကြမ်းဖက်မှုများသည် စနစ်တကျနှင့် ပျံ့နှံ့နေပါသည်။ သူတို့၏ လက်နက်ကိုင် စစ်တပ်များသည် မြန်မာပြည်သူများအပေါ် လူသားမျိုးနွယ်ကိုဆန့်ကျင်သော ရာဇဝတ်မှုများအား ကျူးလွန်နေကြပါသည်။ ဤကဲ့သို့သော အကြမ်းဖက်မှုသည် ရပ်တန့်ရပါမည်။ ရဲစွမ်းသတ္တိရှိသော မြန်မာပြည်သူလူထုများသည် စစ်ကောင်စီ၏ သွေးစွန်းနေသောစစ်လက်နက်များဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်မှုကို သိမ်းပိုက်ရန်ကြိုးစားသည့် စစ်အစိုးရ၏ကြိုးပမ်းမှုကို ခုခံတွန်းလှန်ရန် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေကြပါသည်။ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများ၊ ပညာပေးသူများ၊ ကျောင်းသား/ကျောင်းသူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သက်ဆိုင်ရာနိုင်ငံသားများမှစတင်ဦးဆောင်သော အာဏာဖီဆန် ရေးလှုပ်ရှားမှု (CDM) သည် ထောင်ပေါင်းများစွာသော ပြည်သူ့ဝန်ထမ်းများနှင့် ပုဂ္ဂလိက အလုပ်သမားများအပေါ် လွှမ်းမိုးထားသည်။ မမှားပါနဲ့။ ဤသည် စစ်ကောင်စီ၏ အကြမ်းဖက် အုပ်ချုပ်မှုကို ဆန့်ကျင်သည့် အာဏာအရှိဆုံးသော ငြိမ်းချမ်းရေးလှုပ်ရှားမှုဖြစ်ပြီး စစ်ကောင်စီ လျစ်လျူရှုထားသည့် အရက်စက်ဆုံး အကြမ်းတမ်းဆုံးသော အကြမ်းဖက်လုပ်ရပ်များထက် အဆမတန်ပိုမို အာဏာရှိသည်။ ပြီးခဲ့သည့် ၃ လ ကာလပတ်လုံးတွင် သူတို့၏ လွတ်လပ်ခွင့် အတွက် နေ့စဥ်နှင့်အမျှ ချီတက်ဆန္ဒပြခဲ့ကြသော မြန်မာနိုင်ငံအနှံ့ရှိ သန်းပေါင်းများစွာသော ပြည်သူလူထုများသည် CDM ကိုပူးပေါင်းပါဝင်လာခဲ့ကြသည်။ မြန်မာပြည်သူလူထုသည် ကမ္ဘာပေါ်တွင် အရက်စက်ဆုံးနှင့် ကြမ်းကြုတ်လွန်းသော စစ်အာဏာရှင်စနစ်များအကြားတွင် အရှုံးမပေးပဲ သတ္တိနှင့် ရဲရင့်မှုများကို နေ့စဥ်ပြသလျက်ရှိကြသည်။ အာဏာဖီဆန်လှုပ်ရှားမှု (CDM) တွင် ပါဝင်ကြသောသူများအားလုံးသည် ငြိမ်းချမ်းရေး၏သူရဲကောင်းများ ဖြစ်ရုံသာမက ဤလှုပ်ရှားမှုသည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် စကာတင်အမည်စာရင်းတင်သွင်းခြင်း ပင်ခံရသည်။ အာဏာဖီဆန်လှုပ်ရှားမှု (CDM) သည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုသာမက အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏ ထောက်ခံမှုကို အပြည့်အဝခံယူထိုက်ပြီး အထူးသဖြင့် အမေရိကန်အစိုးရအနေဖြင့် ဤအာဏာဖီဆန်လှုပ်ရှားမှု (CDM) အား ဆက်လက်ထောက်ခံရန် မေတ္တာရပ်ခံအပ်ပါသည်။ တိုင်းပြည်၏ ငြိမ်းချမ်းရေး သူရဲကောင်းများသည် ကျန်းမာပြီး လုံခြုံစွာနေထိုင်နိုင်ရန် အမိုးအကာရှိသောနေရာများတွင် နေထိုင်ရမည်။ သတ္တိရှိသောပြည်သူ များအား ဒီမိုကရေစီတိုက်ပွဲအတွက် ရန်းကန်ရာတွင် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများက ကူညီနိုင်မည့် အရေးကြီးသောအချက်များကို ကျွန်ုပ်တို့ဖော်ထုတ်ထားပါသည်။

၁။ မြန်မာနိုင်ငံသားအားလုံးအတွက် စားနပ်ရိက္ခာဖူလုံမှု

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအစီအစဉ် (WFP) မှ လေ့လာတွေ့ရှိချက်အရ လာမည့်လများတွင် အာဏာဖီဆန်လှုပ်ရှားမှုတွင် ပါဝင်သူများ အပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသား ၃ သန်းကျော်သည်

ဝေတ်မွတ်မှုနှင့် ရင်ဆိုင်ရလိမ့်မည်ဟုခန့်မှန်းခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအား နိုင်ငံတစ်ဝှမ်းလုံးရှိ ဤ CDM ပါဝင်သူများအတွက် အစားအစာထောက်ပံ့မှုပေးရန် အနူးအညွတ်တောင်းဆိုလိုပါသည်။ အိမ်နီးချင်းနိုင်ငံများမှ မိတ်ဖက်များနှင့် အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းထားသော အစားအစာများကို နယ်စပ်များမှသယ်ယူပြီး အလိုအပ်ဆုံးနေရာများသို့ ညီတူညီမျှခွဲဝေပြီး အလွယ်တကူ လက်လှမ်းမမှီနိုင်သည့် ဒေသများတွင် အစားအစာများကို ၎င်းတို့ဒေသများမှ တိုက်ရိုက်ဝယ်ယူနိုင်ရန် ညှိနှိုင်းရေးမှူးများထံသို့ ရန်ပုံငွေများပို့ပေးရမည်။ ကျွန်ုပ်တို့၏ သူရဲကောင်းတစ်ဦး တစ်ယောက်မျှ ဆာလောင်မွတ်သိပ်ခြင်းနှင့် ရေငတ်ခြင်းမခံစားသင့်ပါ။

၂။ ကျန်းမာရေး

ကျွန်ုပ်တို့အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို Covid-19 ကာကွယ်ဆေးအပါအဝင် ဆေးဝါးများနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထို့အပြင် ရဲရင့်သောမြန်မာပြည်သူလူထုများကို ဆက်လက်ပြုစုစောင့်ရှောက်နိုင်ရန် CDM ပါဝင်နေသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများ၊ သားဖွားဆရာမများနှင့် အခြားအရေးပေါ် ဆေးဖက်ဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ငွေများ ထုတ်ပေးမည်ဖြစ်သည်။ ထောက်ပံ့ထားသော အကူအညီများကို ချက်ချင်းအသုံးပြုနိုင်ရန် ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့် မြို့အသီးသီးတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဖွဲ့စည်းထားသော ကိုယ်ပိုင်ညှိနှိုင်းရေးအဖွဲ့ရှိရမည်။ ကျွန်ုပ်တို့၏ နိုင်ငံ့သူရဲကောင်းများသည် ကျန်းမာသန်စွမ်းနေရမည်။

၃။ ပညာရေး

ကျွန်ုပ်တို့အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို မြန်မာနိုင်ငံ၏ ရဲရင့်သောကျောင်းသူ၊ ကျောင်းသားများအားလူချင်းတွေ့ဆုံ၍ သော်လည်းကောင်း၊ ဒစ်ဂျစ်ဒယ်နည်းပညာ မှတစ်ဆင့် သော်လည်းကောင်း ဆက်လက်ပညာသင်ကြားပေးနိုင်ရန် လိုအပ်သည့် ပညာရေးအထောက်အပံ့များနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အကြမ်းဖက် စစ်အုပ်ချုပ်ရေးကိုဆန့်ကျင်သော ငြိမ်းချမ်းသည့် အာဏာဖီဆန် လှုပ်ရှားမှုတွင် နိုင်ငံ၏ ရဲရင့်သောကျောင်းသူ၊ ကျောင်းသားအများစု ပါဝင်ကြပြီး ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အပြည့်အဝထောက်ပံ့မှုများနှင့် ပညာသင်ဆုများရရှိရန် ထိုက်တန်သူများ ဖြစ်ကြသည်။ ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့် မြို့အသီးသီးတွင် ကိုယ်ပိုင်ညှိနှိုင်းရေးအဖွဲ့ရှိပြီး ၎င်းတို့သည်တစ်နိုင်ငံလုံးအတိုင်းအတာ ကျယ်ပြန့်ထိရောက်သော

ကွန်ယက်တစ်ခုရရှိနိုင်ရန် အတူတကွချိတ်ဆက်ရမည်။ ကျွန်ုပ်တို့၏ သူရဲကောင်းများသည် ရဲရင့်သောကျောင်းသူ၊ ကျောင်းသားများအား ဆက်လက် ပညာသင်ကြားပေးရမည်။

၄။ ခိုလှုံရာနေရာ

ကျွန်ုပ်တို့အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအား နေ့စဥ်ညှဥ်းပန်းနှိပ်စက်ရန်နှင့်သတ်ပစ်ရန် ပစ်မှတ်ထားခံနေရပြီး နေအိမ်များမှအတင်းအဓမ္မနှင်ထုတ်ခံနေရသော တစ်နိုင်ငံလုံးရှိ CDM တွင်ပါဝင်သူများအတွက် အမိုးအကာနှင့် နေရာထိုင်ခင်းများ ထောက်ပံ့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရဲရင့်သော CDM တွင်ပါဝင်သူများအတွက် လုံခြုံသည့် နေရာထိုင်ခင်းများထောက်ပံ့ပေးနိုင်ပါက လက်ရှိတွင် အကြမ်းဖက်စစ်ကောင်စီ လက်အောက်၌ အမှုထမ်းနေကြသော အမျိုးသား၊ အမျိုးသမီးအများစုသည် လက်နက်ချအညံ့ခံပြီး သမိုင်းတွင်သည့် မှန်ကန်သောရွေးချယ်မှုများ ပြုလုပ်လာကြလိမ့်မည်။ CDM တွင်ပါဝင်သော ဝန်ထမ်းများနှင့် ဒုက္ခသည်များ ရက်စက်ကြမ်းကြုတ်သောစစ်အုပ်ချုပ်မှုပြီးသည်အထိ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရန် ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့် မြို့အသီးသီးတို့တွင် ကိုယ်ပိုင်ညှိနှိုင်းရေးအဖွဲ့ရှိပြီး ၎င်းတို့သည် တစ်နိုင်ငံလုံးအတိုင်းအတာကျယ်ပြန့်ထိရောက်သော ကွန်ယက်တစ်ခုရရှိနိုင်ရန် အတူတကွချိတ်ဆက်ရမည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ၎င်း၏ မိတ်ဖက်များ၊ မဟာမိတ်များ အထူးသဖြင့် ကျွန်ုပ်တို့၏ အိမ်နီးချင်း နိုင်ငံများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် ကယ်ဆယ်ရေးပစ္စည်းများအတွက် ပိတ်ထားသောနယ်နိမိတ်များအား ဖွင့်လှစ်ပေးရန် တိုက်တွန်းဖိတ်ခေါ်င်းဆိုအပ်ပါသည်။ ကျွန်ုပ်တို့၏သူရဲကောင်းများသည် အမိုးအကာရှိသောနေရာတွင် လုံခြုံစွာ နေထိုင်ရမည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှချန်မထားရ။

စစ်အစိုးရ၏အကြမ်းဖက်မှုနှင့် ပြည်သူလူထု၏ရဲရင့်မှုတို့ကြောင့် ကျွန်ုပ်တို့သည် လိုအပ်ချက်အရ အမျိုးသားညီညွတ်ရေးအစိုးရကိုဖွဲ့စည်းခဲ့ပါသည်။ ဤအရာသည် မြန်မာ့သမိုင်းတွင်မရှိခဲ့ဖူးသော ပထမဆုံးအကြိမ် ပြည်သူ့အစိုးရဖြစ်သည်။ အဖွဲ့အစည်း၏ အဓိကရည်မှန်းချက်ဖြစ်သည့် "စည်းလုံးခြင်း"ကို အဖွဲ့အစည်းနာမည်၏ အလယ်တွင်တွေ့နိုင်ပါသည်။ ကြီးမားစွာ မတူကွဲပြားမှုအားလုံး စည်းလုံးညီညွတ်မှုသည် ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ အကြီးမားဆုံးသောအားသာချက်ဖြစ်သည့်အားလျော်စွာ အမျိုးသားညီညွတ်ရေးအစိုးရသည် ဤစည်းလုံးမှုကို အမှန်တကယ်ရောင်ပြန်ဟပ်နိုင်သည့် တစ်ခုတည်းသောအစိုးရဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိ လူထုအဖွဲ့အစည်းများ၊ ရွေးကောက်တင်မြှောက်ခံထားရသောအရာရှိကြီးများ၊ ပါလီမန်အမတ်များ၊ တိုင်းရင်းသား

လူမျိုးစုများနှင့် ပါတီပေါင်းစုံမှ လွတ်လပ်ခွင့်တိုက်ပွဲဝင်သူများ စသည့်အားလုံး စည်းလုံးညီညွတ်ကာ ကျွန်ုပ်တို့ထံမှ အခိုးခံခဲ့ရသော လွတ်လပ်ခွင့်အားပြန်လည်ရယူရန် အမျိုးသားညီညွတ်ရေးအစိုးရကို ဖွဲ့စည်းခဲ့သည်။ ကျွန်ုပ်တို့၏ ခေတ္တသမ္မတကြီး၊ ဒုသမ္မတကြီး ဒူဝါလရှီးလသည် ကချင်လူမျိုးဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးချုပ်သည် ကရင်ခေါင်းဆောင် ဦးမန်းဝင်းခိုင်သန်း ဖြစ်ပါသည်။ အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာန၏ ခေါင်းဆောင်သည် ကရင်ခေါင်းဆောင်တစ်ဦးဖြစ်သည့် စူစန်နာလှလှစိုး ဖြစ်ပြီး မြန်မာ LGBT အသိုင်းအဝိုင်းအတွက်ထင်ရှားသော ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးအောင်မျိုးမင်းသည် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရ၏ ရာထူးများနှင့်ဦးစားပေးမှုများကိုဖြည့်စွက်ပြီး တရားဝင်ဖြစ်သွားပါက တိုင်းရင်းသားလူမျိုးစုများ၏အခွင့်အရေးများ၊ ဂုဏ်သိက္ခာနှင့် ဘဝအရည်အသွေးများကာကွယ်ခြင်းနှင့်မြှင့်တင်ခြင်း စသည့်အရေးကြီးသော ပြဿနာများအား ဦးစားပေး ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်သည်။ ထိုတိုင်းရင်းသားလူမျိုးစုများထဲတွင် ရဲရင့်သော ရိုဟင်ဂျာများလည်းပါဝင်သည်။ ကျွန်ုပ်တို့သည် လာမည့်ရက်များနှင့် ရက်သတ္တပတ်များတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ တရားဝင်ရာထူးများကို ဆွေးနွေးကြေငြာသွားမည်ဖြစ်ပြီး ရိုဟင်ဂျာများအား ညီအစ်ကို၊ မောင်နှမ တစ်နိုင်ငံတည်းသားဟုခေါ်ရန် ကျွန်တော်အလွန်ဂုဏ်ယူလျှက်ရှိပါသည်။ ကျွန်ုပ်တို့သည် တိုင်းရင်းသားလူမျိုးစုများနှင့်အတူလက်တွဲပြီး လူမျိုး၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ လိင်(ကျား/မ)၊ ဘာသာရေး မခွဲခြားပဲ လူတိုင်း၏ အခွင့်အရေးများအား လေးစားကာကွယ်သည့် မြန်မာနိုင်ငံအသစ်တည်ဆောက်ရန် မျှော်လင့်လျှက်ရှိပါသည်။

မြန်မာပြည်သူများ၏အနာဂတ်သည် မြန်မာပြည်သူများ၏ လက်ထဲတွင်သာရှိသည်။ ကျွန်ုပ်တို့အောင်မြင်ဖို့ရန် အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီထောက်ပံ့မှုများစွာလိုအပ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအနေဖြင့် အရေးကြီးသောတောင်းဆိုမှု ၂ ချက် ပြုလုပ်ချင်ပါသည်။

ပထမအချက်သည် ကျွန်တော်အရှေ့တွင် ဖော်ပြခဲ့ပြီးသကဲ့သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် အမျိုးသားညီညွတ်ရေးအစိုးရနှင့်လက်တွဲလုပ်ဆောင်မှု ဖြစ်ပါသည်။ အထက်တွင် ဖော်ပြပြီးသည့်အတိုင်း အမျိုးသားညီညွတ်ရေးအစိုးရသည် တိုင်းရင်းသားလူမျိုးစုအားလုံးမှ ရွေးကောက်တင်မြှောက်ထားသော ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပသည့် လွတ်လပ်ပြီး

တရားမျှတသော ဒီမိုကရေစီရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်နှင့် ဆုတောင်းချက်မှာ အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အမျိုးသားညီညွတ်ရေးအစိုးရအား မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုလက်ခံခြင်း၊ လေးစားခြင်းအားဖြင့် မြန်မာပြည်သူများ၏ လိုအင်ဆန္ဒအား အသိအမှတ်ပြုရန်ဖြစ်သည်။ တချိန်တည်းမှာပင် အမေရိကန်ပြည်ထောင်စုနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းများအနေဖြင့် မိမိတို့ဩဇာအာဏာကို အသုံးပြုပြီး တရားမဝင် စစ်ကောင်စီ၏ လုပ်ရပ်များ၊ ရက်စက်ကြမ်းကြုတ်မှုများကို တတ်နိုင်သမျှအလျှင်မြန်ဆုံး အဆုံးသတ်နိုင်ရန်နှင့် အမျိုးသားညီညွတ်ရေးအစိုးရအား ဒီမိုကရေစီနှင့်လွတ်လပ်ရေး ပြန်လည် ရရှိနိုင်ရန် ကူညီပေးပါရန်တောင်းဆိုအပ်ပါသည်။ ယခုကဲ့သို့ပင် သတင်းအချက်အလက်များ၊ ခွဲခြမ်းစိတ်ဖြာမှုနှင့် အကြံပြုချက်များ၏ အရင်းအမြစ်များအတွက် ကျွန်ုပ်တို့အား ဆက်လက် အသုံးပြုပေးပါ။

ဒုတိယအချက်မှာ အမေရိကန်ပြည်ထောင်စုအနေဖြင့် စစ်ကောင်စီ၏ ဘဏ္ဍာရေးဝင်ငွေ စီးဆင်းမှုကိုဖိအားပေးပါရန် တောင်းဆိုပါသည်။ အထူးသဖြင့်စစ်ကောင်စီ၏ အကြီးမားဆုံး ဝင်ငွေအရင်းအမြစ်ဖြစ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ထိရောက်စွာ ဒဏ်ခတ်အရေးယူမှုမရှိသေးပါ။ စစ်ကောင်စီထံစီးဝင်လျက်ရှိသောဝင်ငွေကို လမ်းကြောင်းပြောင်းရန် အလွန်အရေးကြီးသည်။ ကျွန်ုပ်တို့အနေဖြင့်အမေရိကန်အစိုးရမှ စစ်ကောင်စီအပေါ် ဘဏ္ဍာရေးပိတ်ဆို့မှုများပြုလုပ်ခဲ့ခြင်းနှင့် အထူးသဖြင့် စစ်တပ်ပိုင် ကုမ္ပဏီများဖြစ်ကြသည့် MEC နှင့် MEHL အပေါ်တွင် ဦးဆောင်ပြီးအရေးယူပိတ်ဆို့မှုများ ပြုလုပ်ခြင်းကို အထူးအလေးထားလျက်ရှိပါသည်။ ထို့အပြင် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်ကြသော စစ်ကောင်စီအဖွဲ့ဝင်နှစ်ဦးအား အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ခြင်းအပေါ် အမေရိကန်ပြည်ထောင်စုအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းနှင့် ဆက်လက်ပြီး စစ်ကောင်စီကို စီးပွားရေးနှင့် သံတမန်ရေးရာပိတ်ဆို့မှုများအပါအဝင် ရေနံနှင့် သဘာဝ ဓာတ်ငွေ့များပိတ်ဆို့ခြင်း၊ မြန်မာအစိုးရပိုင်စီးပွားရေး လုပ်ငန်းများအားပိတ်ဆို့ခြင်း၊ စစ်ကောင်စီ အား နိုင်ငံတကာမှ စစ်လက်နက်များရောင်းချခြင်းကိုပိတ်ဆို့ခြင်း နှင့် မြန်မာနိုင်ငံ အထက်တွင် လေကြောင်းပျံသန်းခွင့်မရှိသော နေရာများသတ်မှတ်ပေးရန် တောင်းဆိုအပ်ပါသည်။ ICC ကဲ့သို့သော နိုင်ငံတကာယန္တရားများ မှတစ်ဆင့် သတ္တိရှိသောမြန်မာပြည်သူများအတွက် တရားမျှတမှုရှိစေရန် ပြစ်မှုကျူးလွန်နေသော စစ်ကောင်စီများအား တရားစီရင်နိုင်ရန် ကူညီပေးပါ။ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများသည် အမေရိကန်ပြည်ထောင်စု၏ ခေါင်းဆောင် များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ချမှတ်သင့်သည်။ အကြမ်းဖက်စစ်ကောင်စီ

အနေဖြင့်မြန်မာပြည်သူလူထုအား အကြမ်းဖက်အုပ်ချုပ်မှုအဆုံးမသတ်မချင်း ပြင်းထန်ပြီး ခက်ထန်သော ဒဏ်ခဏ်အရေးယူ ပိတ်ဆို့မှုများကို နေ့စဥ်ပြုလုပ်သင့်သည်။

အမေရိကန်ပြည်ထောင်စု၊ ၎င်း၏မိတ်ဖက်များ၊ မိတ်ဆွေများနှင့် မြန်မာပြည်သူများကို ကိုယ်စားပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရတို့ အတူတကွလက်တွဲပူးပေါင်း၍ အကြမ်းဖက်အုပ်ချုပ်မှုကို အဆုံးသတ်ပြီး ဒေသအတွင်း ငြိမ်းချမ်းရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် စစ်မှန်သောဒီမိုကရေစီ ပေါ်ပေါက်လာရေးကို လုပ်ဆောင်နိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ယုံကြည်ပါသည်။ ကျွန်ုပ်တို့ မြန်မာပြည်သူများသည် သမိုင်းတစ်လျှောက် အမှောင်ဆုံးအချိန်နှင့် လွတ်လပ်ရေးအတွက် နောက်ဆုံးရုန်းကန်တိုက်ပွဲဝင်ရာ၌ ကျွန်ုပ်တို့ဘက်တွင်ရပ်တည်ပြီး ထောက်ပံ့ပေးကြသောသူများ အားလုံးအတွက် ထာဝရသစ္စာစောင့်သိသော မဟာမိတ်နှင့် မိတ်ဖက်များအဖြစ်နေထိုင်သွား မည်ဖြစ်ပါသည်။

ကျေးဇူးအထူးတင်ရှိပါသည်။